# ပါစကားကာလ တတိယတနင်္ဂနွေနေ့

ရှင်လုကာ ၂၄း ၁၃ - ၃၅

သခင်ယေရှု သေရာမှပြန်ရှင်လာတာကို မသိပဲ သခင်ယေရှု အသတ်ခံလိုက်ရပြီဆိုတာကိုပဲ သိလိုက်ရတဲ့တပည့်တော် နှစ်ပါးဟာ ဝမ်းနည်းကြေကွဲစွာနဲ့ ဧမာဦးရွာကို သွားကြတဲ့အခါ လမ်းမှာ ရှင်ပြန်ထမြောက်တဲ့ သခင်ယေဇူးက သူတို့နဲ့အတူ ခရီးသွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ကတော့ အတူခရီးသွားနေတဲ့သခင်ယေဇူးကို မမှတ်မိကြပါဘူး။ ဒီတပည့်တော်ကြီးနှစ်ပါးက ဘာဖြစ်လို့ ဝမ်းနည်းကြေကွဲနေကြတာလဲ၊ ဘာဖြစ်လို့ စိတ်ပျက်လက်ပျက် ဖြစ်နေကြရတာလဲဆိုရင် သူတို့က မတရားဖိနှိပ်အုပ်ချုပ်နေသူ တိုင်းတပါး ရောမားတွေကို တိုက်ခိုက် တွန်းလှန်ပေးမည့်ကယ်တင်ရှင်လို့ သခင်ယေဇူးကို ထင်မှတ်ပြီး အားကိုးခဲ့ကြတာကိုး။ အခုတော့ ငါတို့ အားကိုးနေတဲ့ကယ်တင်ရှင်ယေဇူးက အသတ်ခံလိုက်ရပြီဆိုတော့ အားကိုးစရာမရှိတော့လို့ စိတ်ပျက်လက်ပျက် ဖြစ်နေကြရတာပါ။ တကယ်တမ်းတော့ သခင်ယေရှု ဒီလောကထဲကို ဆင်းကြွလာတာက လူတွေကို အပြစ်ရဲ့ကျွန်ဘဝမှ ကယ်တင်ပေးဖို့ပါ။ အပြစ်ရဲ့ကျွန်ဘဝကို ရောက်နေရတာလောက် ဆိုးတဲ့ဘဝ မရှိတော့ပါဘူး။ အပြစ်ရဲ့ကျွန်ဘဝအဖြစ်နဲ့သာ ဘဝနိဂုံးချုပ်ရရင် ကျနော်တို့အားလုံး လူဖြစ်ရကျိုး မနပ်တော့ပါဘူး။ လုံးဝပျက်စီးရတော့မှာပါပဲ။ ဒါကြောင့် ယေဇူးဘုရားရှင်က လူ့အဖြစ်ကို ယူပြီး တရားဟောပြောပေးတယ်။ သူ့တရားတော်တွေ မှန်ကန်ကြောင်း သူ့တန်ခိုးတော်တွေနဲ့ သက်သေပြတယ်။ အကြီးမားဆုံးသက်သေပြလိုက်တာကတော့ သူကိုယ်တိုင် သေရာမှ ပြန်ရှင်ပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ယေဇူးဘုရားရှင်က သေရာမှပြန်ရှင်လိုက်တာကို မသိလိုက်ရလို့ အခု တပည့်တော်ကြီး နှစ်ပါးလည်း မပျော်နိုင်မရွှင်နိုင်နဲ့ ဧမာဦးရွာကို ခရီးသွားနေကြတုန်း ယေဇူးဘုရားရှင်နဲ့ လမ်းမှာ စကားပြောနေကြပါတယ်။ ကျနော်တို့ ဘဝခရီးဆက်နေကြတဲ့အခါမှာလည်း တစ်နေ့ ယေဇူးဘုရားရှင်လို သေရာမှပြန်ရှင်မယ်၊ ထာဝရအသက်ကို ကောင်းကင်ဘုံမှာ ပိုင်ဆိုင်ရတော့မယ်ဆိုတာတွေကို မသိရင်/ မယုံရင် မပျော်နိုင်မရွှင်နိုင် ဖြစ်မယ်၊ စိတ်ပျက်လက်ပျက်ဖြစ်မှာပဲ။ ဒါကြောင့် စိန်ဖရန်စစ်အာစီစီက သူ့အသင်းဂိုဏ်းက ရသေ့တွေကို ဘယ်လိုမှာကြားထားသလဲဆိုရင် "သင်တို့က ဘာသာသူတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါ ပြုံးပြုံးရွှင်ရွှင် ပြောဆိုဆက်ဆံကြပါ။ မပြုံးနိုင် မရွှင်နိုင် မျက်နှာထားနဲ့ ပြောဆိုဆက်ဆံမယ်ဆိုရင် ငါတို့ ဟောပြောတဲ့တရားဟာ ဘာမျှ အဓိပ္ပါယ် မရှိတော့ဘူး" တဲ့ ။ ဟုတ်တယ်လေ၊ ကျနော်တို့ ဟောပြောနေတာက သေရာမှပြန်ရှင်တဲ့ ဝမ်းမြောက်ဖွယ်ရာ ဧဝံဂေလိသတင်းကောင်း ၊ ကျနော်တို့ မျက်နှာက တမှိုင်မှိုင်တတွေတွေ ဖြစ်နေရင် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းလို့ ဘယ်သူက ယုံမှာလဲ။ ဟောပြောသူကိုယ်တိုင်ကတောင် စိတ်ပျက်လက်ပျက်နဲ့ အားငယ်နေမှတော့ ဘယ်သူက ဝမ်းမြောက်နိုင်မှာလဲ ။

အဲဒီ တပည့်တော်ကြီး နှစ်ပါးက ဧမာဦးရွာကို အသွားမှာ စိတ်ပျက်အားငယ်ပြီး သွားနေကြပေမဲ့ လမ်းမှာ သခင်ယေဇူးက သူတို့ကို ကျမ်းစာတွေ ရှင်းပြတယ်။ ရွာရောက်တော့လည်း မုန့်ကို ဖဲ့တဲ့အခါ

ရှင်ပြန်ထမြောက်တဲ့ ယေရှုဘုရားရှင်ကို တွေ့ထိခဲ့ကြရတယ်။ ဒါကြောင့် စိတ်ပျက်အားငယ်တဲ့စိတ်တွေ မရှိတော့ပဲ ခေါင်းငိုက်စိုက်နဲ့ လာခဲ့ကြတဲ့လမ်းကို ညတွင်းခြင်းပဲ ဝမ်းသာအားရနဲ့ အမြန်ပြေးပြီး ဂျေရုဇလင်မြို့က တပည့်တော်တွေဆီ ပြေးပြောကြပါတော့တယ်။ အသွားတုန်းက တမှိုင်မှိုင်ဖြစ်ခဲ့တဲ့ တပည့်တော် နှစ်ပါး၊ အခု အပြန်လမ်းမှာ ဝမ်းသာအားရစိတ်နဲ့ သတင်းကောင်း သွားပြောနိုင်တာက ဘာကြောင့်လဲ။ ဝမ်းသာအားရ ဖြစ်သွားမှာပေါ့၊ မျှော်လင့်ချက်တွေ ရှင်သန်သွားမှာပေါ့၊ လမ်းတလျှောက်မှာ ကျမ်းစာစကားတွေကို ကြားခဲ့ရတယ်လေ ။ ရွာရောက်တဲ့အခါ ရှင်ပြန်ထမြောက်တဲ့ ယေရှုဘုရားရှင်ကို ကိုယ်တိုင် တွေ့ထိခဲ့ရတယ်လေ ။ ဒါကြောင့် ဝမ်းမြောက်တဲ့စိတ်ဓါတ်နဲ့ အပြန်ခရီးမှာ ပြေးလွှားသွားနိုင်ကြတာပေါ့။ ကျနော်တို့ ဘဝခရီးလမ်းမှာ သူတို့လို ကျမ်းစာစကားတွေ ကြားနာစရာလိုတယ်။ ဘုရားကျောင်းကို သွားတိုင်းမှာ ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်ကို ကိုယ်တိုင် ထိတွေ့ခံစားမိဖို့ လိုတယ်။ မစ္ဆားတရားမှာ မုန့်ကို ဖဲ့တိုင်း ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်ကို ဖူးတွေ့ဖို့ လိုတယ်။

တစ်ခါတုန်းက တက္ကသိုလ်မှာ စာသင်ပြနေတဲ့ ပါမောက္ခ ဆရာတစ်ယောက်ရှိတယ်။ သူက ပင်လယ်တစ်ဖက်ကမ်းမှာသွားပြီး စာသင်ပြစရာရှိလို့ သူ့စာအုပ်တွေကို ယူပြီး စက်လှေတစ်စင်းနဲ့ ထွက်လာခဲ့ပါတယ်။ ပင်လယ်ခရီးက နှစ်ရက်လောက် ကြာတာမို့ လမ်းမှာ ဆရာကြီးက သူ့စာအုပ်တွေကို ဖတ်နေရင်း စက်လှေမောင်းသမားနဲ့ စကားစမီပြောနေပါတယ်။ စက်လှေသမားက “ဆရာကြီး ဘာစာအုပ်တွေ ဖတ်နေတာလဲ” လို့ မေးတဲ့အခါ ဆရာကြီးက “အေး ငါ ဖတ်နေတဲ့စာအုပ်ကတော့ Biology စာအုပ်လို့ ခေါ်တယ်။ ဒါနဲ့ စက်လှေသမားက Biology ဆိုတာ ဘာလဲ ” လို့ မေးတဲ့အခါ “Biology ဆိုတာ ကိုယ်ခန္ဓာဗေဒ ကိုယ်ခန္ဓာအကြောင်း ရေးထားတာကွ။ မင်း မသိဘူးလား” လို့ မေးတဲ့အခါ စက်လှေသမားက ကျနော် မသိပါဘူး တဲ့။ ဒါနဲ့ ဆရာကြီးက “မင်းမှာ ကိုယ်ခန္ဓာရှိပြီးတော့ ကိုယ်ခန္ဓာအကြောင်းမှ နားမလည်ရင် မင်းဘဝတစ်ဝက်တော့ ရှုံးပါပြီကွာ” လို့ ပြောလိုက်တဲ့အခါ စက်လှေသမားလည်း ဝမ်းနည်းသွားပါတော့တယ်။ နောက်တစ်ရက်မှာလည်း အခုလို စကားစမီပြောရင်းနဲ့ “ဆရာကြီး ဒီနေ့ ဘာစာအုပ်ဖတ်နေတာလဲ” လို့ မေးတဲ့အခါ “ငါ ဖတ်နေတဲ့စာအုပ်ကတော့ Pschology စာအုပ်ပါ။ စိတ်ပညာအကြောင်းပေါ့ ။ မင်းမှာ စိတ် ပါရှိပြီး စိတ်ပညာအကြောင်းတောင် မသိဘူးဆိုတော့ မင်းဘဝတစ်ဝက်တော့ ရှုံးပါပြီကွာ” လို့ ပြောလိုက်တဲ့အခါ စက်လှေသမားလည်း ပညာမတတ်ခဲ့တဲ့သူ့ဘဝကို ဝမ်းနည်းနေမိပြန်တယ်။ နောက်နေ့ မနက်မှာ စက်လှေသမားက ဆရာကြီးကို အိပ်ရာမှ နှိုးပြီးတော့ “ဆရာကြီး၊ ဆရာကြီး Swimminglogy တတ်သလား” တဲ့။ ဆရာကြီးက Swimminglogy ဆိုတာ ဘာလဲ။ ဒါနဲ့ စက်လှေသမားက Swim, Swim က ရေကူးတာလေ ဆရာ။ ဒါနဲ့ ဆရာကြီးက “ဟာ Sorry ပဲကွာ။ ငါ ရေမကူးတတ်ပါဘူး။” လို့ ပြန်ပြောလိုက်တယ်။ စက်လှေသမားက “ဒါဆိုရင် ဆရာကြီးဘဝတစ်ဝက်တင် ရှုံးတာမကဘူး။ ဆရာကြီးဘဝတစ်ခုလုံး ရှုံးပြီ ” “ ဟ ဘာဖြစ်လို့လဲ ဟ ” စက်လှေသမား ပြန်ပြောလိုက်တာက “မကြာခင် စက်လှေက ရေထဲ မြုပ်တော့မယ် ” တဲ့ ။

ကျနော်တို့ ဘဝတွေလည်း ဘာသာရေးသင်တန်းတွေ တစ်ခုပြီးတစ်ခုတက် ၊ ကျမ်းစာသင်တန်းတွေ လူငယ်သင်တန်းတွေ Theology တွေ အများကြီး တတ်ပြီးတော့

သင့်ဘေးနားမှာရှိတဲ့ ရှင်ပြန်ထမြောက်တော်မူသော ယေဇူးဘုရားရှင်နဲ့တောင် မထိတွေ့
မခံစားရဘူးဆိုရင် “ခင်ဗျားဘဝ တစ်ဝက်တင်မကဘူး။ ဘဝတစ်ခုလုံး ရှုံးပါပြီဗျာ ”